# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့။

၁၃၂၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်။

(၁၉၆၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

## ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ ဘဏ်ဥပဒေ

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

### နိဒါန်း။

ပြည်ထောင်စုမြန်မာနိုင်ငံ၌ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက် ရာတွင် အထောက်အကူဖြစ်စေရန် ရည်သန်ချက်ဖြင့်၊ ဘဏ်လုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ငွေချေးလုပ်ငန်း၊ ရွှေတာစုဆောင်းရေးလုပ်ငန်း၊ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် စပ်လျဉ်းသည့် တည်ဆဲလုပ်ဆောင်မှုအရပ်ရပ်ကို၊ စုစည်း၍တခုတည်းသော အဖွဲ့အစည်းက လုပ်ကိုင်ရန်လိုအပ်သည်ဖြစ်သောကြောင့်၊

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ၁။

**အမည်၊ အာဏာတည်ရန်ရက်နှင့် အဓိပ္ပါယ်ဖော်ပြချက်။**

အမည်နှင့် စတင်အာဏာတည်ခြင်း။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။ ဤဥပဒေပါ သီးခြားပြဋ္ဌာန်းချက်များအတွက် သီးခြား နေ့ရက်များ သတ်မှတ်နိုင်သည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''ဘဏ်'' ဆိုသည်မှာ၊ ဤဥပဒေအရ တည်ထောင်ထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ကို ဆိုလိုသည်။

(ခ) ''အဖွဲ့'' ဆိုသည်မှာ၊ ပုဒ်မ ၁၀ အရ၊ ဖွဲ့စည်းထားသည့် ဘဏ်ဒါရိုက်တာ အဖွဲ့ကိုဆိုလိုသည်။

(ဂ) ''ဒါရိုက်ဘာ'' ဆိုသည်မှာ၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်ကို ဆိုလိုသည်။

(ဃ) ''ကျေးရွာအုပ်စု'' ဆိုသည်မှာ၊ ကျေးရွာ အက်ဥပဒေ ပုဒ်မ ၄ အပိုဒ် (၇) တွင် အဓိပ္ပါယ် ဖေါ်ပြထားသော ရပ်ကွက်နယ်မြေကို ဆိုလိုသည်။

(င) ''ကျေးရွာဘဏ်'' ဆိုသည်မှာ၊ ဘဏ်က အသိအမှတ်ပြုသည့် ကျေးရွာဘဏ်ကို ဆိုလိုသည်။

## အခန်း ၂။

### တည်ထောင်ခြင်းနှင့် ရည်မှန်းချက်များ။

**ဘဏ်တည်ထောင်ခြင်း။**

၃။ ။(၁) ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ဘဏ်ဟု ခေါ်တွင်ရမည့် ဘဏ်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ တည်ထောင်ရမည်။

(၂) ဘဏ်သည်၊ ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် လုပ်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲနိုင်ခွင့်နှင့် တရားစွဲဆိုခြင်းလည်း ခံနိုင်ခွင့်ရှိရမည့် အဖွဲ့အစည်း ဖြစ်စေရမည်။ ....

**ရည်မှန်းချက်များ။**

၄။ ။ဘဏ်၏တာဝန်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌ ဆိုရှယ်လစ် စီးပွါးရေး စံနစ်တည်ဆောက်မှုကို အထောက်အကူ ဖြစ်စေရန်ဖြစ်၍ ထို့အတွက် မိမိလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါရည်မှန်းချက်များအရ၊ ရှေးရှုဆောင်ရွက်ရမည်။

(က) နိုင်ငံတွင်းနှင့် နိုင်ငံပတွင် မြန်မာကျပ်ငွေ အခြေအနေ နိုင်ခံ့ တည်မြဲရေး။

(ခ) စီမံကိန်း ချမှတ်ထားသည့် အတိုင်း နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစု အားလုံး အချိုးကျ တိုးတက် ဖွံ့ဖြိုးအောင် အားပေးရေး။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားများ၊ အထူးသဖြင့်တောင်သူလယ်သမားများနှင့်အလုပ်သမားများအတွက်ဝင်ငွေနှင့် စီးပွါးဖြစ်ထွန်းမှု အဆင့်ဆင့် တိုးတက်လာစေရေး။

**ရုံးချုပ်နှင့် ရုံးခွဲများ။**

၅။ ။ဘဏ်ရုံးချုပ်ကို ရန်ကုန်မြို့တွင် ထားရှိရမည်။ ထို့ပြင် ဘဏ်သည်၊ ရုံးခွဲများနှင့် ကိုယ်စားလှယ် ဌာနများကို ပြည်ထောင်စု မြန်မာနိုင်ငံတွင်းတွင်ဖြစ်စေ နိုင်ငံပတွင်ဖြစ်စေ တည်ထောင်နိုင်သည်။

## အခန်း ၃။

### မ-တည်ငွေများ။

၆။ ။(၁) ဘဏ်၏ မ-တည်ငွေရင်းသည်၊ ကျပ် သန်းပေါင်းနှစ်ရာဖြစ်ရမည် ထိုငွေကို ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြည်သူတရပ်လုံး၏ ကိုယ်စား အစိုးရက အပြည့်ထည့်ဝင်ရမည်။

မ-တည်ငွေရင်း။

(၂) အစိုးရသည်၊ ထို မ-တည်ငွေရင်းကို တိုးနိုင်သည်။ ထိုတိုးငွေကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြည်သူတရပ်လုံးကိုယ်စား အစိုးရကအပြည့်ထည့်ဝင်ရမည်

၇။ ။(၁) ဘဏ်တွင်သီးသန့်ရံပုံငွေရှိရမည်။ ထိုသီးသန့်ရံပုံငွေတွင်အောက်ပါငွေများ ပါဝင်ရမည်။

သီးသန့်ရံပုံငွေ။

(က) အစိုးရက အစကနဦးထည့်ဝင်သော ကျပ် သန်းပေါင်း ငါးဆယ်။

(ခ) ဘဏ်လုပ်ငန်း ဆောင်ရွက်ရာ၌ ပိုလျှံသည့်ငွေထဲမှ ထိုသီးသန်းရံပုံငွေသို့ လွှဲပြောင်းသည့်ငွေများ။

(၂) ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် လိုသည့်ငွေကို ဖြည့်စွက်ရန် ထိုသီးသန့်ရံပုံငွေမှ သုံးစွဲနိုင်သည်။

၈။ ။မည်သည့်ဘဏ္ဍာရေးနှစ်တွင်မဆို၊ ဘဏ်လုပ်ငန်းဆောင်ရွက်ရာမှ ပိုလျှံသည့်ငွေကို၊ ကျပ်တသန်းအပြည့်စီ လီ၍၊အောက်ပါအတိုင်းခွဲဝေရမည်။

လုပ်ငန်း ဆောင်ရွက်ရာမှ ပိုလျှံသည့်ငွေခွဲဝေခြင်း။

(က) သီးသန့်ရံပုံငွေသို့ ၂၅ ရာခိုင်နှုန်း။

(ခ) အစိုးရသို့ ၇၅ ရာခိုင်နှုန်း။

ခြွင်းချက်။ ။သို့ရာတွင် သီးသန့်ရံပုံငွေလက်ကျန်မှာ၊ ဘဏ်၏ မ-တည်ငွေရင်းနှင့် ညီမျှလျှင်၊ သီးသန့်ရံပုံငွေသို့ ပေးသွင်းရမည့် ငွေပေါင်းကို အစိုးရသို့ ပေးသွင်းရမည်။

ဤပုဒ်မအရ၊ အစိုးရသို့ ပေးသွင်းသည့် ငွေပေါင်းကို၊ အစိုးရကဘဏ်သို့ ပေးရန်ကျန်ရှိသည့် ကြွေးများနှင့်ခုနှိမ်ရမည်။

## အခန်း ၄။

### ညွှန်ကြားခြင်းနှင့် စီမံကွပ်ကဲခြင်း။

၉။ ။(၁) ဤဥပဒေအရ ပြဋ္ဌာန်းသည့်ဘဏ်၏လုပ်ပိုင်ခွင့်များ၊ တာဝန်များနှင့် အလုပ်ဝတ်တရားများကို၊ အဖွဲ့က သုံးစွဲဆောင်ရွက်ရမည်။

အဖွဲ့၏ တာဝန်ဝတ်တရားများ။

(၂) အဖွဲ့မှာ၊ ဘဏ်၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်၎င်း စီမံကွပ်ကဲရာတွင်၎င်း အစိုးရ၏ညွှန်ကြားချက်များနှင့် ကိုက်ညီသည့် ပေါ်လစီကို ချမှတ်ရန်နှင့် ကြပ်မတ်ကြည့်ရှုရန် တာဝန်ရှိရမည်။

၁၀။ ။(၁) အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ရမည်။ ၎င်းတို့ကိုအစိုးရက ခန့်ထားရမည်။

အဖွဲ့ ဖွဲ့စည်းခြင်း။

(က) အဖွဲ့ဥက္ကဋ္ဌ။
(ခ) အဖွဲ့ဒုတိယဥက္ကဋ္ဌ။
(ဂ) ဘဏ်အမှုဆောင် ဒါရိုက်တာများ။
(ဃ) အခြားအဖွဲ့ဝင်များ။

(၂) အဖွဲ့ဝင်များသည်၊ အစိုးရသတ်မှတ်သည့် လစာနှင့် စရိတ်ကြေးငွေများကို ရရှိရမည်။ အစိုးရသတ်မှတ်သည့် အမှုထမ်း စည်းကမ်းများကိုလည်း လိုက်နာရမည်။

၁၁။ ။အဖွဲ့သည်၊ ကော်မီတီများကို ခန့်ထားနိုင်သည့်ပြင်၊ မိမိ၏မည်သည့်လုပ်ပိုင်ခွင့်များ၊ တာဝန်များနှင့်အလုပ် ဝတ်တရားများကိုမဆို၊ အဆိုပါကော်မီတီများသို့ လွှဲအပ်နိုင်သည်။

အဖွဲ့၏ကော်မီတီများ။

၁၂။ ။အဖွဲ့၊ သို့မဟုတ် ကော်မီတီတွင် နေရာ တခုခုလစ်လပ် လျက်ရှိသည့် အကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့၊ သို့မဟုတ် ကော်မီတီ ဖွဲ့စည်းရာ၌ နည်းလမ်းမကျသည့်အကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့၊သို့မဟုတ်ကော်မီတီကဆောင်ရွက်သော ကိစ္စနှင့်မှုခင်းများသည် မပျက်ပြယ်စေရ။

အဖွဲ့နှင့် ကော်မီတီများ၏ဆောင် ရွက် ချက်များ အတည်ဖြစ်ခြင်း။

## အခန်း ၅။

<u>သုံးစွဲငွေထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း။</u>

၁၃။ ။ဤအခန်းတွင်—

(က) ''ဘဏ်ငွေစက္ကူ''ဆိုသည်မှာ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဘဏ်ကထုတ်သော ငွေစက္ကူကိုဆိုလိုသည်။

အဓိပ္ပါယ်ဖော်ပြချက်။

(ခ) ''ဒင်္ဂါး'' ဆိုသည်မှာ၊ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဘဏ်ကထုတ်သော ကျပ်ဒင်္ဂါးနှင့် အကြွေကိုဆိုလိုသည်။

(ဂ) ''သုံးစွဲငွေ''ဆိုသည်မှာ၊ ပုဒ်မ ၁၇ တွင် ဖော်ပြပါရှိသော ဘဏ်ငွေစက္ကူနှင့် ဒင်္ဂါးတို့ကိုဆိုလိုသည်။

၁၄။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင်ငွေဖြင့်ဖော်ပြသည့်တန်ဘိုးမှန်သမျှကို ''ကျပ်'' ဖြင့်ဖော်ပြရမည်။

ငွေတန်ဘိုး၏အခြေခံ။

(၂) ငွေတကျပ်ကို အပိုင်းဘရာပိုင်း၍၊ တပိုင်းကို "တပြား" ဟု ခေါ်ရမည်။

၁၅။ ။ငွေကြေးနှင့်စပ်လျဉ်းသည့်၊သို့မဟုတ် ငွေကြေးဖြင့်ပေးရန်ရှိသည့်စာချုပ်စာတမ်း၊သို့မဟုတ် အလုပ်ကိစ္စ၊သို့မဟုတ် ကြွေးမြီတာဝန်တခုခုတွင် ကျပ်ငွေဖြင့်မဟုတ်ဘဲ၊ အခြားနှုန်းဖြင့် ပြုလုပ်ကြောင်း အတိအလင်းသဘောတူညီချက်မရှိခဲ့လျှင်၊ ၎င်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ကျပ်ငွေဖြင့် ပြုလုပ်သည်ဟု မှတ်ယူရမည်။

ကျပ်အသုံးပြုမှု၊

၁၆။ ။(၁) ကျပ်ငွေကို၊ ဘဏ်ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးအဖြစ်ဖြင့်ထုတ်ရမည်။

ကျပ်ငွေ၏ပုံသဏ္ဌာန်။

(၂) ဘဏ်ငွေစက္ကူများနှင့် ဒင်္ဂါးများ၏တန်ဘိုး၊ အဆင်အပြင်၊ ပြုလုပ်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့် လက္ခဏာများသည်၊ အစိုးရက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၁၇။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင်၊ ဘဏ်ကသာလျှင်ဘဏ်ငွေစက္ကူနှင့် ဒင်္ဂါးထုတ်ပိုင်ခွင့်ရှိသည်။

ငွေစက္ကူနှင့်ဒင်္ဂါးထုတ်ပိုင်ခွင့်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတွင်၊ ဘဏ်မှတပါး အခြားမည်သူမျှ၊ ဘဏ်ငွေစက္ကူ၊ သို့မဟုတ် ဒင်္ဂါးကဲ့သို့ အသုံးချနိုင်သော စာချုပ် စာတမ်းတခုခုကို ဖြစ်စေ၊ အရာဝတ္ထုတခုခုကိုဖြစ်စေ ထုတ်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းမပြုရ။

ရှင်းလင်းချက်။ ။လက်ဝယ်ထားသူကတောင်းဆိုသည့်အခါ၊ ဘဏ်၊ သို့မဟုတ် ငွေတိုက်တွင်အပ်နှံထားသောငွေများမှ ထုတ်ပေးရမည့် ချက်လက်မှတ်များနှင့် ငွေလွှဲလက်မှတ်များကို၊ ဤပုဒ်မခွဲအလို့ငှါ ဘဏ်ငွေစက္ကူကဲ့သို့ အသုံးချနိုင်သော စာချုပ်စာတမ်းများဟူ၍မမှတ်ယူရ။

(၃) ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့်၊ သို့မဟုတ် ထုတ်သည့်ပြည်ထောင်စုဘဏ်ငွေစက္ကူနှင့် ဒင်္ဂါးကို ဘဏ်ကဆက်လက်ထုတ်နိုင်စေရမည်။

၁၈။ ။(၁) ဘဏ်ကထုတ်သည့် ဘဏ်ငွေစက္ကူနှင့် ဒင်္ဂါးဟူသမျှသည်၊ ၎င်းတို့ကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းရန် အစိုးရကမကြေညာမခြင်း၊ တရားဝင်ငွေဖြစ်စေရမည်။

တရားဝင်ငွေအဖြစ်သုံးစွဲနိုင်ခွင့်။

(၂) ဤဥပဒေစတင်အာဏာတည်အုံဆဲဆဲအခါတွင်၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်အက်ဥပဒေအရ တရားဝင် ငွေဖြစ်ခဲ့သည့် ငွေစက္ကူနှင့် ဒင်္ဂါးဟူသမျှသည်၊ ၎င်းတို့ကိုတရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းရန်အစိုးရက မကြေညာမခြင်း၊ တရားဝင်ငွေအဖြစ်ဆက်လက်တည်စေရမည်။

(၃) တကျပ်တန်ဘိုးအောက်ရှိသောဒင်္ဂါးဟူသမျှကို၊ တန်ဘိုးတကျပ်အထိသာတရားဝင်သုံးစွဲနိုင်သည်။

ငွေစက္ကူနှင့် ဒင်္ဂါးများအတွက် ဘဏ်တာဝန်ရှိခြင်း။

၁၉။ ။(၁) သုံးစွဲငွေအားလုံးအတွက်၊ ဘဏ်ကတာဝန်ယူရမည်။

(၂) ဘဏ်၏လက်ဝယ်ရှိသော ဘဏ်ငွေစက္ကူများနှင့် ဒင်္ဂါးများကို၊ သုံးစွဲငွေတွင် ထည့်သွင်းမရေတွက်ရ။ ထို့ပြင်ဘဏ်ပိုင်ပစ္စည်းကိုသော်၎င်း၊ ဘဏ်က ပေးရန်ရှိသည့် ကြွေးမြီတာဝန်ကိုသော်၎င်း သတ်မှတ်ရာ၌ ထိုငွေများကိုထည့်၍မရေတွက်ရ။

(၃) တရားဝင် သုံးစွဲနိုင်သည့်ဘဏ်ငွေစက္ကူ၊ သို့မဟုတ်ဒင်္ဂါးများကို လဲလှယ်ရန်တောင်းဆိုသည့်အခါ၊ ဘဏ်သည်၊ အခမဲ့လဲလှယ်ပေးရမည်။

(၄) အက်ဥပဒေ၊ သို့မဟုတ် တရားဥပဒေတရပ်ရပ်၌ ဆန့်ကျင်ကွဲလွဲချက်မည်သို့ပင် ပါရှိစေကာမူ၊ ပျောက်ဆုံးသော၊ သို့မဟုတ် ခိုးရာပါသော၊ သို့မဟုတ် ချွတ်ယွင်းသော၊ သို့မဟုတ် ပုံသဏ္ဍာန်ပျက်သော၊ သို့မဟုတ် စုတ်ပြတ်သောဘဏ်ငွေစက္ကူ၊သို့မဟုတ်ဒင်္ဂါးတခုခု၏တန်ဘိုးကိုဘဏ်ထံမှရပိုင်ခွင့်ရှိသည့်အနေနှင့်မည်သူမျှတောင်းဆိုခွင့်မရှိစေရ။

ငွေစက္ကူများပေါ်တံဆိပ်ခေါင်းခွန်ကင်းလွတ်ခြင်း

၂၀။ ။ဘဏ်မှ၊မိမိထုတ်သောဘဏ်ငွေစက္ကူ၊သို့မဟုတ် ပြည်ထောင်စုဘဏ်ငွေစက္ကူနှင့်စပ်လျဉ်း၍၊ တံဆိပ်ခေါင်းခွန်ကိုဖြစ်စေ၊ အလားတူ အခွန်များကိုဖြစ်စေ၊ ပေးဆောင်ရန်တာဝန်မရှိစေရ။

## အခန်း ၆။

## သုံးစွဲငွေအတွက်ရံပုံငွေနှင့် နိုင်ငံခြားသုံးငွေ။

သုံးစွဲငွေအတွက်ရံပုံငွေတွင် ပါဝင်ရမည့်ပစ္စည်းများ။

၂၁။ ။(၁) ဘဏ်သည်၊ မိမိပိုင်ပစ္စည်းများတွင် သုံးစွဲငွေအတွက် ရံပုံငွေတခုထားရှိရမည်။ ထိုရံပုံငွေတွင် အောက်ပါတို့ ပါဝင်ရမည်။

(က) ရွှေ၊ သို့မဟုတ်

(ခ) အောက်ပါအတိုင်း တည်ရှိသော ဘဏ်ပိုင် နိုင်ငံခြားသုံးငွေများ၊

(၁) အပြည်ပြည်ဆိုင်ရာ ဘဏ်များ၊ နိုင်ငံခြားရှိဘဏ်များနှင့် ငွေတိုက်များတွင်အပ်ငွေများ၊သို့မဟုတ်

(၂) နိုင်ငံခြားအစိုးရတို့၏၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေချေးသက်သေခံလက်မှတ်များ၊ သို့မဟုတ်

(၃) တတိုင်းပြည်မှတတိုင်းပြည်သို့ ငွေများလွှဲပြောင်းရာတွင် အသုံးပြုမြဲဖြစ်သောစာချုပ်စာတမ်းများ။

(၂) သုံးစွဲငွေအတွက် ဘဏ်ကထားရှိရမည့်ရံပုံငွေသည်၊ အဆိုပါငွေအတွက်ဘဏ်ကပေးရန်ရှိသော တာဝန်၏ ၂၅ ရာခိုင်နှုန်းအောက် မလျော့စေရ။

အပိုင်းပစ္စည်းများနှင့် သက်ဆိုင်သည့် လိုအပ်ချက်များကိုရပ်ဆိုင်းထားခြင်း၊

၂၂။ ။အစိုးရသည်၊ ကာလအပိုင်းအခြား သတ်မှတ်၍၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်ကို ယာယီရပ်ဆိုင်း ထားနိုင်သည်။

သုံးစွဲ ငွေအတွက် ရံပုံငွေတွင် ပါဝင်သည့် အပိုင်ပစ္စည်း များကို တန်ဘိုးသတ်မှတ်ခြင်း။

၂၃။ ။ပုဒ်မ ၂၁ ပုဒ်မခွဲ (၂) အရ လိုအပ်သည့် အနည်းဆုံးအချိုးအစားကို တွက်ချက်ရန်အလို့ငှါ၊ သုံးစွဲငွေအတွက် ရံပုံငွေတွင်ပါဝင်သည့် အပိုင်ပစ္စည်းများကို အောက်ပါအတိုင်း တန်ဘိုးသတ်မှတ်ရမည်။

(က) ရွှေကို၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၁) အရ၊ သတ်မှတ်ထားသည့် တရားဝင်ဈေးနှုန်းနှင့်အညီ၊ ကျပ်ငွေဖြင့် တန်ဘိုးသတ်မှတ်ရမည်။

(ခ) နိုင်ငံခြားတွင် အပ်နှံထားသော ငွေများနှင့် နိုင်ငံခြားငွေဖြင့် တန်ဘိုးထားသော ငွေချေး စာချုပ် စာတမ်းများကို၊ ဘဏ်စာရင်းတွင် ပြထားသည့် တန်ဘိုးအတိုင်း၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၁) အရ၊ သတ်မှတ်ထားသည့် တရားဝင် ဈေးနှုန်းများနှင့်အညီ ကျပ်ငွေဖြင့် တန်ဘိုး သတ်မှတ်ရမည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို၊ ကာလတန်ဘိုးဈေးနှုန်းအတိုင်း ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၁) အရ၊ သတ်မှတ်ထားသည့်တရားဝင် ဈေးနှုန်းများနှင့်အညီ ကျပ်ငွေဖြင့် တန်ဘိုးသတ်မှတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၂) အရ၊ အရေးယူဆောင်ရွက်သည့် အခါတိုင်း၊ နောက်ဆုံးတာဝနခံထားသည့် နှုန်းများကို၊ ဤပုဒ်မပါ ကိစ္စအလို့ငှါ၊ တရားဝင် ဈေးနှုန်းများအဖြစ် မှတ်ယူရမည်။

**နိုင်ငံခြားရှိ ဘဏ်များတွင် လက်ကျန်ငွေများ ထားရှိခြင်း။**

၂၄။ ။ဘဏ်သည်၊ နိုင်ငံခြားရှိ ဘဏ်များတွင် လက်ကျန်ငွေများကို ထားရှိနိုင်သည်။ ထိုဘဏ်များနှင့် ကိုယ်စားလှယ် ခန့်အပ်ရေး သဘောတူ စာချုပ်များကို ချုပ်ဆိုနိုင်သည်။

**ကျပ် ငွေနှင့် နိုင်ငံခြား သုံးငွေများဈေးနှုန်း။**

၂၅။ ။(၁) ဘဏ်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏နိုင်ငံခြားနှင့် ငွေကြေးဆက်သွယ်ရေး အလုပ်ကိစ္စများအတွက် သာမန်အားဖြင့် လိုအပ်သည့် ရွှေ၊ သို့မဟုတ် နိုင်ငံခြားသုံးငွေတို့၏ ကျပ်ငွေနှင့် တူညီသည့်တရားဝင်ဈေးနှုန်းများကို၊ အစိုးရ၏သဘောတူညီချက်ဖြင့် တာဝန်ခံ၍သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ထားသော ဈေးနှုန်းများကို ကိစ္စအရပ်ရပ်အတွက် တရားဝင်ဈေးနှုန်းများအဖြစ် အသိအမှတ် ပြုရမည့်ပြင်၊ ပြန်တမ်းတွင်လည်း ကြေညာရမည်။ ကြေညာပြီးဖြစ်သည့် ဈေးနှုန်းစာရင်းတွင်မပါဝင်သေးသော မည်သည့် နိုင်ငံခြားသုံးငွေ၏ ဈေးနှုန်းကိုမဆို၊ ဘဏ်က နောက်ထပ်တာဝန်ခံ၍သတ်မှတ်ပေးနိုင်သည်။

(၂) နိုင်ငံခြားသုံးငွေ တခုခုအတွက် ဿလှယ် နှုန်းသည်၊ အပြည်ပြည်ဆိုင်ရာငွေများအရောင်းအဝယ်ပြုလုပ်သည့်ဈေးများတွင်တည်တံ့ခိုင်မြဲခြင်းမရှိလျှင်သော်၎င်း၊တခုနှင့်တခု အလွန်ကွာခြားနေလျှင် သော်၎င်း ဘဏ်သည် မည်သည့်အခါမဆို၊ထိုနိုင်ငံခြားသုံးငွေ၏ ဈေးနှုန်းကိုမသတ်မှတ်ဘဲ၊ သို့မဟုတ်မကြေညာဘဲနေနိုင်သည်။

**နိုင်ငံခြားငွေ လဲလှယ်မှု ကိစ္စများ။**

၂၆။ ။(၁) နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖေါက်ကားမှု ဟူသမျှကို၊ ဘဏ်တဦးတည်းကသာလျှင် ပြုလုပ်ရမည်။

(၂) ဘဏ်သည်၊ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖေါက်ကားသူများကို မိမိကိုယ်စား ဆောင်ရွက်ရန်အတွက် မိမိသတ်မှတ်သည့် စည်းကမ်းချက်များ အရ ခန့်ထားနိုင်သည်။

**ငွေတန်ဘိုး ပြောင်းလဲခြင်းမှ ပေါ်သော အမြတ်နှင့် အရှုံး။**

၂၇။ ။ကျပ်ငွေ၏ တရားဝင်တန်ဘိုး ပြောင်းလဲခြင်းကြောင့်၊ ဘဏ်ပိုင်ရွှေ၊ သို့မဟုတ် နိုင်ငံခြား သုံးငွေများ၏ တန်ဘိုးကို ပြန်လည်သတ်မှတ်ရသဖြင့်၊ ဖြစ်ပေါ်လာသည့်အမြတ်ငွေ၊ သို့မဟုတ် အရှုံးငွေကို ဘဏ်၏နှစ်စဉ်လုပ်ငန်းဆောင်ရွက်မှု၏ပိုလျှံငွေ၊ သို့မဟုတ်လိုငွေတွင်၊ ထည့်သွင်းတွက်ချက်ခြင်း မပြုရ။ ထိုအမြတ်ငွေ၊ သို့မဟုတ်အရှုံးငွေကို အစိုးရကသဘောတူသည့် နည်းလမ်းအတိုင်း ဘဏ်က စီမံခန့်ခွဲရမည်။

# အခန်း ၇

## ဘဏ်လုပ်ငန်းများ

၂၀။ ။ဘဏ်သည်၊ ဤပုဒ်မတွင် သီးခြားဖော်ပြထားသည့် အလုပ်ကိစ္စအမျိုးမျိုးပါဝင်သော အထွေထွေဘဏ်လုပ်ငန်းများကို ဆောင်ရွက် နိုင်သည်။

ဆောင်ရွက် ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ။

(က) အပ်ငွေများကို လက်ခံခြင်း။

(ခ) အာမခံနှင့်ဖြစ်စေ၊ အာမခံမရှိဘဲဖြစ်စေ၊ ငွေများထုတ်ချေးခြင်းနှင့် ကြိုတင်ထုတ်ပေးခြင်း၊ သို့မဟုတ် အပ်ငွေထက်ပို၍ ငွေထုတ်ခွင့်ပြုခြင်း။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံပြင်တွင် ဖြစ်စေ၊ နိုင်ငံပတွင်ဖြစ်စေ၊ ငွေထုတ်ပေးရမည့် ငွေပေးအမိန့် လက်မှတ်များနှင့် အခြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း၊ လက်ခံခြင်း၊ လျှော့နှုန်းဖြင့် ငွေလဲခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် နိုင်ငံခြား သုံးငွေများကို ရောင်းဝယ်ဖေါက်ကားခြင်း။

(ဃ) ငွေလွှဲလက်မှတ်များ၊ ကြေးနန်းငွေလွှဲစာများနှင့် အခြားငွေလွှဲစာများကို ထုတ်ပေးခြင်း၊ သို့မဟုတ် ဝယ်ယူခြင်းနှင့် ငွေလွှဲစာတမ်းများကို ထုတ်ပေးခြင်း။

(င) အစိုးရကသော်၎င်း၊ အစိုးရလက်အောက်ခံ အဖွဲ့အစည်းကသော်၎င်း၊ နိုင်ငံခြား အစိုးရကသော်၎င်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တခုခုကသော်၎င်း ထုတ်သော သို့မဟုတ် အာမခံသော အပေါင်စာချုပ်များ၊ ဒီဘင်ချာ ဝ ချုပ်များ၊ ခံဝန်ချုပ်များနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များကို ငွေနှီးခြင်းနှင့် ရောင်းဝယ်ဖေါက်ကားခြင်း။

(စ) ချေးငွေများအတွက် သော်၎င်း၊ ကြိုတင်ထုတ်ပေးငွေများအတွက် သော်၎င်း၊ အပ်ငွေထက် ပိုထုတ်ငွေများအတွက် သော်၎င်း အာမခံအဖြစ် ဘဏ်သို့ ပေါင်နှံပြီးနောက်၊ သို့မဟုတ် လွှဲအပ်ပြီးနောက်၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးယူသင့်သောအချိန်တွင် မရွေးယူဘဲထားသည့်ပစ္စည်း၊ ကုန်စည်၊ လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းနှင့် အခြားအာမခံများကို ရောင်းခြင်း၊ သို့မဟုတ် လက်ဝယ်ထားခြင်း။

(ဆ) ရွှေသတ္တုနှင့် ငွေသတ္တုကို ဝယ်ယူခြင်းနှင့်ရောင်းချခြင်း။

(ဇ) အာမခံနှင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ငွေကြေးအတွက်သော်၎င်း၊ ခံဝန်အတွက်သော်၎င်း၊ အာမခံအတွက်သော်၎င်း ပဋိညာဉ်စာချုပ်များကို ချုပ်ဆိုခြင်း။

(ဈ) ဘဏ်၏လုပ်ငန်းများကို ဆောင်ရွက်ရန် ကိစ္စအလို့ငှါငွေချေးယူခြင်းနှင့် ထိုသို့ချေးယူသည့် ငွေများအတွက်မိမိအပိုင်ပစ္စည်းများကို အာမခံအဖြစ် ပေါင်နှံခြင်း။

(ည) သေတမ်းစာအတည်ပြုသူအဖြစ်ဖြင့်သော်၎င်း၊ယုံကြည်အပ်နှံခံရသူ အဖြစ်ဖြင့် သော်၎င်း၊ ဒီဘင်ချာ ယုံကြည်အပ်နှံမှုစာချုပ်တခုခု အရသော်၎င်း၊ အခြားနည်းဖြင့် သော်၎င်း အမွေပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် အမွေခံအမွေစားတို့အား ပစ္စည်းခွဲဝေသတ်မှတ်ပေးခြင်း။

(ဋ) ငွေရေးကြေးရေးလုပ်ငန်းများတွင်၎င်း၊ ငွေချေးသက်သေခံလက်မှတ်များနှင့် အစုရှယ်ယာများရောင်းဝယ်ဖေါက်ကားမှုတွင်၎င်း၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း။

(ဌ) ချေးငွေများ၊ ဒီဘင်ချာစာချုပ်များနှင့် အစုရှယ်ယာများထုတ်ရာ၌ အာမခံခြင်း၊ သို့မဟုတ် စေ့စပ်ပြောဆိုခြင်း၊ သို့မဟုတ် စီမံခန့်ခွဲခြင်း။

ဘဏ်လုပ်ငန်းကိုတားမြစ်ပိတ်ပင်ခြင်း။

၂၉။ ။ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ အောက်တွင် သီးခြား ဖေါ်ပြထားသည့် ဘဏ်လုပ်ငန်းကို၊ ဘဏ်မှတပါး၊ အခြားမည်သူမျှ မလုပ်ရ။

(က) ချက်လက်မှတ်၊ သို့မဟုတ် ငွေလွှဲလက်မှတ်၊ သို့မဟုတ် ငွေထုတ်အပ်နှံများဖြင့် ပြန်ထုတ်ယူနိုင်သည့် အပ်ငွေများကို လက်ခံခြင်း၊ သို့မဟုတ် ဖန်တီးခြင်း။

(ခ) အစိုးရက အခါအားလျော်စွာ ကြေညာသည့်အခြားဘဏ်လုပ်ငန်း။

အတိုးနှုန်းနှင့်လျော့နှုန်းများ။

၃၀။ ။ဘဏ်သည်၊ ဘဏ်လုပ်ငန်းနှင့် ငွေချေးလုပ်ငန်း ဆောင်ရွက်ရာတွင်၊ မိမိတောင်းဆိုရမည်၊ သို့မဟုတ် ခွင့်ပြုရမည် ဖြစ်သောလျော့နှုန်း၊ တဆင့်လျော့နှုန်းနှင့် အတိုးနှုန်း များကို အခါအားလျော်စွာ သတ်မှတ်ရမည်။

## အခန်း ၇

## စုငွေများနှင့် ငွေချေး သက်သေခံလက်မှတ်များ

ချွေတာစုဆောင်းရေးလုပ်ငန်းဆောင်ရွက်ပိုင်ခွင့်။

၃၁။ ။ဘဏ်သည်၊ ချွေတာစုဆောင်းရေး ဘဏ်လုပ်ငန်းကို ဆောင်ရွက်ပိုင်ခွင့်ရှိရမည်။ ထို့အတွက်၊ ငွေလက်မှတ်များ၊ ငွေစုလက်မှတ်များ၊ ငွေစုတံဆိပ်ခေါင်းများနှင့် ချွေတာစုဆောင်းရေးနှင့်ပတ်သက်သည့် အခြားစာချုပ်စာတမ်းများကို ထုတ်ပိုင်ခွင့်ရှိရမည်။

၃၂။ ။ဘဏ်သည်၊ အစိုးရငွေစုဘဏ် အက်ဥပဒေ (The Government Savings Banks Act)၊ စာတိုက်ငွေလက်မှတ်အက်ဥပဒေ (The Post Office Cash Certificates Act) ငွေစုလက်မှတ် အက်ဥပဒေ (The Savings Certificates Act) နှင့်ငွေစုတံဆိပ်ခေါင်း အက်ဥပဒေ (The Savings Stamps Act) ပါပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။ အဆိုပါအက်ဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုအက်ဥပဒေများပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ ဘဏ်သည်၊ မိမိ၏ဝန်ထမ်းများကို တာဝန် သတ်မှတ်ပေးနိုင်သည်။

စုငွေများနှင့် အာမခံစာချုပ်များဆိုင်ရာ အက်ဥပဒေအချို့နှင့်သက်ဆိုင်စေခြင်း။

၃၃။ ။အစိုးရငွေချေးသက်သေခံလက်မှတ် အက်ဥပဒေအရ၊ငွေချေးသက်သေခံလက်မှတ် အမျိုးအစားများ ထုတ်ရန်ကိစ္စကိုဎင်း၊ နိုင်ငံကြွေးမြီစီမံခန့်ခွဲရန် ကိစ္စကိုဎင်း အစိုးရနှင့်ဘဏ်သဘောတူသည့် စည်းကမ်းချက်များအတိုင်း အစိုးရက ဘဏ်သို့လွှဲအပ်နိုင်သည်။

နိုင်ငံကြွေးမြီစီမံခန့်ခွဲခြင်း။

## အခန်း ၉

### လယ်ယာစိုက်ပျိုးရေးအတွက် ငွေထုတ်ချေးခြင်း

၃၄။ ။ဤအခန်းတွင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''သမဝါယမအသင်း''ဆိုသည်မှာ၊ သမဝါယမ အသင်းများ အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် သမဝါယမအသင်းကို ဆိုလိုသည်။

(ခ) ''လယ်ယာမြေ''ဆိုသည်မှာ၊ စိုက်ပျိုးရေးအတွက် အသုံးပြုသည့်၊ သို့မဟုတ် လက်ရှိထားသည့်မြေကို ဆိုလိုသည်။

**ရှင်းလင်းချက် ၁။** ။ထိုစကားရပ်တွင်၊ လူအများ အစေါ်အဝေ အားဖြင့် လယ်၊ ယာ၊ ကိုင်းမြေ ဟူသော်ဎင်း၊ ကြက်ပေါင်စေး၊ ခနော်၊ သို့မဟုတ် အခြားဥယျာဉ်ခြံမြေဟူသော်ဎင်း၊ ဟင်းသီး ဟင်းရွက်၊ ပန်းမာလ်စိုက်ပျိုးသည့်မြေဟူသော်ဎင်း၊ ကျွန်း၊ မြေနုကျွန်းပေါ်ဟူသော်ဎင်း၊ အမျိုးအစားသတ်မှတ်သည့်မြေများပါဝင်သည်။

**ရှင်းလင်းချက် ၂။** ။သို့ သော် လည်း၊ ထို စ ကား ရပ် တွင်၊ မြို့နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ် အတွင်းရှိ၊ လူနေ အိမ်ရာများ၊ သို့မဟုတ် ဘာ သာ ရေး

အဆောက်အအုံနှင့် ပရဝုဏ်များအတွက် လက်ရှိထားသည့်မြေ၊ သို့မဟုတ် အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်ချေ။

ရှင်းလင်းချက် ၃။ ။ထိုစကားရပ်တွင်၊ လယ်ယာမြေပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံ များလည်း ပါဝင်သည်။

(ဂ) ''တောင်သူလယ်သမား'' ဆိုသည်မှာ၊ လယ်ယာမြေကို မိမိတို့၏ အဓိက အသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့်၊ မိမိလက်ဖြင့်လုပ်ကိုင်သူ၊ သို့မဟုတ် မိမိလက်ဖြင့် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊ သို့မဟုတ် ဆိုင်ရာနှစ်တွင် လယ်ယာမြေကို မိမိအဓိက အသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ချိန် တလျှောက်လုံး ကိုယ်တိုင်ကြီးကြပ်သူကို ဆိုလိုသည်။

(ဃ) ''လယ်ယာ အလုပ် သမား'' ဆိုသည်မှာ၊ လယ်ယာလုပ်ငန်း များတွင် သော်၎င်း၊ လယ်ယာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများတွင် သော်၎င်း၊ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိ၏လုပ်အားကိုငှါးရမ်း၍ နေထိုင်စားသောက်သူကိုဆိုလိုသည်။

ငွေထုတ်ချေးခြင်း။

၃၅။ ။(၁) ဘဏ်သည်၊ ကျေးရွာဘဏ်များသို့၎င်း၊ သမဝါယမ အသင်းများသို့၎င်း၊ တောင်သူလယ်သမားနှင့် လယ်ယာအလုပ်သမားများသို့၎င်း၊ ရာသီလိုက် ချေးငွေများ၊ နှစ်တိုချေးငွေများ၊ နှစ်ရှည်ချေးငွေများကို ထုတ်ချေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရချေးသည့်ငွေများအတွက် ပြေလည်အောင် ပြန်လည်မပေးဆပ်သည့် ကြွေးများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ တောင်းခံရယူနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ တောင်းခံရယူရမည့် ကြွေးများကိုမည်သူ၏ အမိန့်အရနှင့် မည်သူ၏ လျှောက်ထားချက် အရ တောင်းခံရယူရမည်ကို အစိုးရက ပြဋ္ဌာန်းနိုင်သည်။

ချေးငွေ၏အချိန်ကာလ ကန့်သတ်ချက်။

၃၆။ ။(၁) ရာသီလိုက် ချေးငွေများကို၊ သက်ဆိုင်ရာ ကောက်ပဲသီးနှံရာသီအတွက်ချေးငှါး၍၊ ကောက်ပဲသီးနှံရိတ်သိမ်းပြီးနောက် ဆောလျင်နိုင်သမျှဆောလျင်စွာ ပြန်လည်ပေးဆပ်စေရမည်။

(၂) နှစ်တို ချေးငွေများကို ငါးနှစ်ထက် ပိုသော အချိန် ကာလအတွက် ထုတ်ချေးခြင်းမပြုရ။

(၃) နှစ်ရှည်ချေးငွေများကို တဆယ့်ငါးနှစ်ထက် ပိုသော အချိန် ကာလအတွက် ထုတ်ချေးခြင်းမပြုရ။

*အစိုးရ ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်ခြင်း။*

၃၇။ ။ဘဏ်သည်၊ အစိုးရနှင့် သဘောတူပြီးလုပ်သည့် သက်ဆိုင်ရာ တည်ဆဲအခြား တရားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောစည်းကမ်းချက်များနှင့်အညီ၊ စိုက်ပျိုးရေးအတွက် ငွေထုတ်ချေးသည့်ကိစ္စများ၊ သို့မဟုတ် ကောက်ပဲသီးနှံဝယ်ယူရေးကိစ္စများတွင်၊ အစိုးရ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်နိုင်သည်။

*မှတ်ပုံတင်ရခြင်းမှ၎င်း၊ တံဆိပ် ခေါင်း ခွန် ပေး ဆောင်ရခြင်းမှ၎င်း၊ ကင်းလွတ်ခြင်း။*

၃၈။ ။မှတ်ပုံတင် အက်ဥပဒေတွင် မည်သို့ပင်ပါရှိ စေကာမူ၊ ဘဏ်ကသော်၎င်း၊ ကျေးရွာဘဏ်များက သော်၎င်း၊ စိုက်ပျိုးရေး အတွက် ထုတ်ချေးသောချေးငွေများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသောစာချုပ် စာတမ်းများမှာ၊ မှတ်ပုံတင်ခြင်းမှ လွတ်ငြိမ်းခွင့်ရသည့်ပြင်၊ တည်ဆဲတရားဥပဒေအရ တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်းမှလည်းကင်းလွတ်စေရမည်။

## အခန်း ၁၀

### စက်မှုလက်မှုအတွက်ငွေထုတ်ချေးခြင်း

*စက်မှုလက်မှုလုပ်ငန်းများ အတွက် ငွေထုတ်ချေးပိုင်ခွင့်။*

၃၉။ ။အစိုးရက ညွှန်ကြားသည့်အတိုင်း စက်မှုလက်မှု လုပ်ငန်းများကို၊ နှစ်ရှည်ဖြစ်စေ၊ နှစ်အလယ်အလတ်ဖြစ်စေ၊ ငွေကြေးအထောက်အပံ့ပေးနိုင်သည်။ ထိုသို့ငွေကြေးအထောက်အပံ့ ပေးခြင်းကို ဘဏ်သည်၊ ကြီးကြပ်ပိုင်ခွင့်ရှိသည်။

*စက်မှုလက်မှုလုပ်ငန်းများသို့ ငွေ ကြေး အထောက်အပံ့ ပေးရာတွင် ဆောင်ရွက်ပိုင်ခွင့်များ။*

၄၀။ ။ဘဏ်သည်၊ ပုဒ်မ ၃၉ အရ မိမိ၏အလုပ်ဝတ်တရားများ ဆောင်ရွက်ရာတွင်၊ အောက်ပါလုပ်ပိုင်ခွင့်များကိုလည်း ရရှိစေရမည်။

(က) နိုင်ငံ၏စက်မှုလက်မှုလုပ်ငန်းများအတွက်ရံပုံငွေများရာထားခြင်းကို၊ နိုင်ငံ၏ရ-သုံးမှန်းခြေငွေစာရင်းနှင့်အညီ စည်းမျဉ်းသတ်မှတ်ပိုင်ခွင့်။

(ခ) သမဝါယမနှင့် ကိုယ်ပိုင် စက်မှုလက်မှုလုပ်ငန်းများအပါအဝင်၊ စက်မှုလက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍၊ ငွေရေးကြေးရေးကြီးကြပ်မှုတွင် အစိုးရအားကူညီပိုင်ခွင့်။

(ဂ) စက်မှုလက်မှုလုပ်ငန်းများအတွက် ငွေရေးကြေးရေးတာဝန်များ ကြေပြွန်စွာ ပြီးဆုံးသည့်တိုင်အောင် နည်းလမ်းတကျ ဆောင်ရွက်စေခြင်းအလို့ငှါ အာမခံပေးပိုင်ခွင့်။

(ဃ) စက်မှုလက်မှု လုပ်ငန်းများအတွက် စီမံခန့်ခွဲသူတို့နှင့် စက်မှုလက်မှု ကျွမ်းကျင်သူတို့နှင့် ၎င်းတို့၏ အကြံဉာဏ်များကို ရရှိအောင် စီမံဆောင်ရွက်ပိုင်ခွင့်။

(င) စက်မှုလက်မှုအတွက် ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ အစိုးရကမိမိအား လွှဲအပ်သော အခြားတာဝန်ဝတ်တရားများကို ဆောင်ရွက်ပိုင်ခွင့်။

## အခန်း ၁၁

### အသေးစားချေးငွေထုတ်ပေးခြင်း

၄၁။ အသေးစား ချေး ငွေထုတ်ပေးပိုင်ခွင့်။ ဘဏ်သည်၊ အသေးစားချေးငွေတို့ကို ထုတ်ပေးနိုင်သည်။ ထိုချေးငွေများမှာ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအပေါင်ထား၍ ချေးသောငွေမျိုးဖြစ်ရမည်။ ထို့ပြင် ထိုချေးငွေများကို အစိုးရက သတ်မှတ်သည့် နှစ်တိုကာလအပိုင်းအခြားအတွက် သတ်မှတ်သည့် စည်းကမ်းချက်များအရ ထုတ်ပေးရမည်။

၄၂။ အသေးစား ချေးငွေ ထုတ်ပေးရာတွင် လုပ်ပိုင်ခွင့်များ။ ဘဏ်သည်၊ ပုဒ်မ ၄၁ အရ၊ မိမိ၏အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ အောက်ပါ လုပ်ပိုင်ခွင့်များကိုလည်း ရရှိစေရမည်။

(က) အသေးစားချေးငွေ ထုတ်ပေးရေး ကိုယ်စားလှယ်ဌာနများနှင့် အရောင်းဌာနများ ဖွင့်လှစ်ပိုင်ခွင့်။

(ခ) ငွေချေးယူသူများက ဘဏ်တွင်ပေါင်နှံ၍မရွေးယူဘဲ ထားသောပစ္စည်းများကို ထုခွဲရောင်းချပိုင်ခွင့်။

## အခန်း ၁၂

### အာမခံလုပ်ငန်းများ

၄၃။ အဓိပ္ပါယ်ဖော်ပြချက်။ ဤအခန်းတွင်—

(က) ''အသက်အာမခံ''ဆိုသည်မှာ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ ညွှန်ကြားချက် စသည်တို့နှင့်အညီ လူ၏အသက်ကို အာမခံသည့် လုပ်ငန်း ကို ဆိုလိုသည်။

(ခ) ''လူမှုဖူလုံရေးအာမခံ'' ဆိုသည်မှာ၊ လူအများစု လူမှုဖူလုံရေးအတွက် ပြုလုပ်သည့် အာမခံလုပ်ငန်းကို ဆိုလိုသည်။

(ဂ) ''အထွေထွေအာမခံ'' ဆိုသည်မှာ၊ အသက်အာမခံလုပ်ငန်းနှင့် လူမှုဖူလုံရေးမှအပ၊ အခြားအာမခံလုပ်ငန်းများကိုဆိုလိုသည်။

**ဆောင်ရွက်ခွင့်ပြုသည့် အာမခံလုပ်ငန်းများ၊**

၄၄။ ။(၁) ဘဏ်သည်၊ အစိုးရကသတ်မှတ်သော စည်းကမ်းနည်းလမ်းများအရ၊ အသက်အာမခံလုပ်ငန်း၊ လူမှုဖူလုံရေးအာမခံလုပ်ငန်း၊ အထွေထွေအာမခံလုပ်ငန်းနှင့် တဆင့်အာမခံလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်နိုင်သည်။ ဘဏ်မှတပါး အခြားမည်သူမျှ၊ အဆိုပါလုပ်ငန်းများကိုမဆောင်ရွက်ရ။

(၂) ဘဏ်သည်၊ မည်သည့်အာမခံ လုပ်ငန်းအမျိုးအစားနှင့်မဆိုစပ်လျဉ်း၍၊ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နိုင်သည်။

(၃) ဘဏ်သည်၊ မိမိ၏အလုပ်ဝတ်တရားများ ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ ကိုယ်စားလှယ်များကို ပြည်ထောင်စု မြန်မာနိုင်ငံတွင်းတွင်ဖြစ်စေ၊ နိုင်ငံပတွင်ဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်စည်းကမ်းချက်များအရခန့်ထားနိုင်သည်။

**ပေါ်လီစီငွေကို ဝရမ်းမကပ်ရခြင်း။**

၄၅။ ။ဘဏ်ကဖြစ်စေ၊ အစိုးရကဖြစ်စေ၊ ပေါ်လီစီရှင်ပေါ် တင်ရှိသောကြွေးမြီမှတပါး၊ ပေါ်လီစီရှင်ကခံယူသည့် အခြားကြွေးမြီ၊ သို့မဟုတ် ကြွေးမြီတာဝန်တခုခုနှင့်စပ်လျှဉ်း၍၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ပေါ်လီစီရှင်သို့ထုတ်ပေးရမည့်ပေါ်လီစီငွေများကိုတရားမရုံး၊ သို့မဟုတ် ရာဇဝတ်ရုံးတခုခုကချမှတ်ထားသောအမိန့်၊ သို့မဟုတ် ဒီဂရီအရဝရမ်းမကပ်ရ။

**အကျိုးခံစားခွင့်ပေးခြင်း။**

၄၆။ ။ဤဥပဒေအရ ပြုလုပ်သည့် အသက်အာမခံပေါ်လီစီတိုင်းတွင်ဤဥပဒေအရပြုသည့် နည်း ၁ပဒေများနှင့်အညီ အကျိုးခံစားခွင့်ရမည့်သူကိုသတ်မှတ်ပေးထားရမည်။

**အရွယ်မရောက်သေးသူများ အသက်အာမခံထားနိုင်ခြင်း။**

၄၇။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အရွယ်မရောက်သေးသူက ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် အသက်အာမခံ ပဋိညာဉ်စာချုပ်သည် အတည်ဖြစ်သည်ဟုမှတ်ယူရမည်။

**အချို့ အက်ဥပဒေများနှင့်မသက်ဆိုင်ခြင်း။**

၄၈။ ။အသက်အာမခံကုမ္ပဏီများအက်ဥပဒေနှင့် အာမခံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဘဏ်နှင့် မသက်ဆိုင်စေရ။

## အခန်း ၁၃

### ငွေစာရင်းများနှင့်စာရင်းစစ်ဆေးခြင်း

**ဘဏ္ဍာရေးနှစ်။**

၄၉။ ။ဘဏ်၏ဘဏ္ဍာရေးနှစ်သည်၊ အစိုးရကသတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၅၀။ ။ဘဏ်၏ငွေစာရင်းများကို၊ အစိုးရကသတ်မှတ်သည့်အတိုင်း စစ်ဆေးရမည်။

စာရင်းစစ်ဆေးခြင်း။

၅၁။ ။(၁) ဘဏ်သည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို၊ အစိုးရသတ်မှတ်သည့်အတိုင်း ပြုလုပ်ရမည်။

နှစ်ချုပ်ငွေစာရင်းများနှင့် အစီရင်ခံစာ။

(၂) အစိုးရခန့်ထားသည့် စာရင်းစစ်များက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးသည့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း တစောင်ကို၊ ထိုနှစ်တလျှောက်လုံးဆောင်ရွက်သည့် ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ အဖွဲ့၏ အစီရင်ခံစာနှင့်တကွ၊ အစိုးရထံ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်သုံးလအတွင်းပေးပို့ရမည်။

## အခန်း ၁၄

### အစိုးရနှင့်ဆက်ဆံရေး

၅၂။ ။(၁) ဘဏ်သည်၊ အစိုးရဘဏ္ဍာရေးကိုယ်စားလှယ်နှင့် ဘဏ္ဍာစိုးအဖြစ် ဆောင်ရွက်ရမည့်ပြင်၊ ထိုသို့ဆောင်ရွက်ရသည်အားလျော်စွာ ပုဒ်မ ၂၈ တွင်ဆောင်ရွက်ပိုင်ခွင့်ရှိသောလုပ်ငန်းအမျိုးမျိုးကိုလည်း၊ တိုက်ရိုက်ဖြစ်စေ၊ မိမိ၏ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ၊ အစိုးရအတွက်ဆောင်ရွက်ရမည်။

အစိုးရ၏ ဘဏ္ဍာရေးကိုယ်စားလှယ်နှင့် ဘဏ္ဍာစိုး။

(၂) ဘဏ်သည်၊ အစိုးရက တာဝန်ပေးအပ်သော အခြားလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်။

၅၃။ ။ဘဏ်သည်၊ နိုင်ငံခြား၊ သို့မဟုတ်အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများ၊ သို့မဟုတ် ကိုယ်စားလှယ်ဌာနများနှင့်သော်၎င်း၊ နိုင်ငံခြားအစိုးရများနှင့်သော်၎င်း၊ အစိုးရကညွှန်ကြားသည့်ကိစ္စများအတွက် အစိုးရကိုယ်စားဆက်သွယ်ခြင်း၊ စေ့စပ်ခြင်း၊ သို့မဟုတ်အလုပ်ကိစ္စများဆောင်ရွက်ခြင်းပြုနိုင်သည်။

နိုင်ငံခြား၊ သို့မဟုတ် အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရာတွင် အစိုးရ ကိုယ်စားလှယ်အဖြစ် ဆောင် ရွက်ခြင်း။

၅၄။ ။နိုင်ငံတွင်း၊ နိုင်ငံပ၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကိစ္စများနှင့်ပတ်သက်၍၊ ဘဏ်ကအစိုးရအား အခါအားလျော်စွာ အကြံဉာဏ်ပေးနိုင်သည်။

အစိုးရအားဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ အကြံပေးခြင်း။

၅၅။ ။ဘဏ်သည်၊ အစိုးရ၏နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်း ခွဲဝေ သုံးစွဲရေး **အစိုးရသို့ငွေထုတ်ချေးခြင်း။** များဘွင်ခွင့်ပြုထားသည့် သာမန်အသုံးစရိတ်များ အတွက် အစိုးရအားငွေများထုတ်ချေးနိုင်သည်။

**ခြွင်းချက်။** ။သို့ရာတွင် ထိုသို့ငွေများ ထုတ်ချေးသည့်အခါတိုင်း၊ ထိုငွေများကို ထုတ်ချေးသည့်နေ့မှ ခြောက်လထက် နောက်မကျစေဘဲ၊ ပြန်လည်ပေးဆပ်ရမည့်ပြင်၊ ထိုသို့ထုတ်ချေးသည့် ငွေများအနက်၊ မည်သည့်အခါမဆို ပေးဆပ်ရန်ကျန်ရှိနေသေးသောငွေစုစုပေါင်းသည်၊ ထိုငွေများထုတ်ချေးသောဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ခန့်မှန်းခြေအခွန်ငွေများ၏ တဆယ့်ငါးရာခိုင်နှုန်းထက် မည်သည့်အခါမျှမပိုစေရ။

## အခန်း ၁၅

### အထွေထွေပြဋ္ဌာန်းချက်များ

၅၆။ ။ဘဏ်အား၊ အောက်ပါ လုပ်ပိုင်ခွင့်များကို ထပ်ဖြည့်အပ်နှင်းထား **အထွေထွေလုပ်ပိုင်ခွင့်များ။** သည်။

(က) လုံခြုံစွာ ထိန်းသိမ်းရန် ပေးအပ်သော လက်ဝတ် လက်စား၊ ကျောက်မျက်ရတနာ၊ ငွေချေးသက်သေခံ လက်မှတ်များနှင့် အခြားအဘိုးတန် ပစ္စည်းများနှင့် စာချုပ် စာတမ်းများကို လက်ခံနိုင်ခွင့်၊ ထိုပြင်ထိုငွေချေး သက်သေခံ လက်မှတ်များ၏ ငွေရင်းမှဖြစ်စေ၊ အတိုးမှဖြစ်စေ၊ အမြတ်ဝေစုမှဖြစ်စေ၊ ရရှိသည့် ငွေများကိုကောက်ခံပိုင်ခွင့်။

(ခ) မိမိ၏ လုပ်ငန်းများ ဆောင် ရွက် ရန် လိုအပ်သည့် လူနေအိမ်နှင့်လုပ်ငန်းဥပစာများကိုရယူပိုင်ခွင့်၊ပြုပြင်ထားရှိပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်။

(ဂ) ဤဥပဒေအရ မိမိ၏ လုပ်ပိုင်ခွင့် အတွင်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခြားကိစ္စ အားလုံးကို ဆောင်ရွက်ပိုင်ခွင့်။

၅၇။ ။(၁) ဘဏ်သည်၊သင့်တော်သောကျေးရွာအုပ်စုများတွင်အခါအား **ကျေးရွာဘဏ်များ။** လျော်စွာ ဖွဲ့စည်းသည့် ကျေးရွာဘဏ်များကို အသိအမှတ်ပြုနိုင်သည်။

(၂) ဘဏ်သည်၊ကျေးရွာဘဏ်များ၏ဖွဲ့စည်းပုံနှင့်အလုပ်ဝတ်တရားများကို၊ ဤဥပဒေအရ ထုတ်သည့် ညွှန်ကြားချက်များဖြင့် သတ်မှတ်နိုင်သည်။

၅၈။ ။ဘဏ်၏ ဒါရိုက်တာနှင့် အမှုထမ်းအားလုံးသည်၊ ရာဇသတ်ကြီးပုဒ်မ **ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း။** ၂၁ အမိန့်ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်။

၅၉။ ။ဘဏ်ပိုင်ပစ္စည်းမှန်သမျှသည်၊ ပြည်သူပိုင်ပစ္စည်းဖြစ်သည်။

**ပြည်သူပိုင်ပစ္စည်းဖြစ်ခြင်း။**

**အခွန်များကင်းလွတ်ခွင့်။**

၆၀။ ။အမြတ်ခွန်အက်ဥပဒေတွင်သော်၎င်း၊ တည်ဆဲအခြားတရားဥပဒေတခုခုတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ ဘဏ်မှာအမြတ်ခွန်ကိုဖြစ်စေ၊ ကုန်သွယ်ရေးလုပ်ငန်းခွန်များကိုဖြစ်စေ၊ ပေးဆောင်ရန်တာဝန်မရှိစေရ။

**မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအခန်း ၁၀-က နှင့် မသက်ဆိုင်ခြင်း။**

၆၁။ ။မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေအခန်း ၁၀-က ပါ (ဘဏ်လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများနှင့် သက်ဆိုင်သော) ပြဋ္ဌာန်းချက်များသည်၊ ဘဏ်နှင့်မသက်ဆိုင်စေရ။

**တရားစွဲဆိုမှုများအတွက် ကာလ စည်းကမ်းသတ်ချက်။**

၆၂။ ။ကာလစည်းကမ်းသတ်အက်ဥပဒေ (The Limitation Act) ပထမဇယားရှိ အပိုဒ် ၁၄၉ သည်၊ ဘဏ်ကဖြစ်စေ၊ ဘဏ်ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့်တရားမမှုများနှင့်သက်ဆိုင်စေရမည်။

**ပြစ်ဒဏ်။**

၆၃။ ။မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်၊ သို့မဟုတ် ပြုသည် ထုတ်သည်ဟုမှတ်ယူရမည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုကိုပြစ်စေ၊ ဆန့်ကျင်လျှင်၊ ထိုသူမှာ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံထိုက်စေရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင်၊ ဘဏ်ကတိုင်တန်းခြင်းမပြုဘဲ၊ ဤပုဒ်မအရ တရားစွဲဆိုခြင်းမပြုရ။

**နည်းဥပဒေများ၊**

၆၄။ ။အစိုးရသည်၊ ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါအမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများကို ပြုနိုင်သည်။

**ညွှန်ကြားချက်များအနည်းဥပဒေများ နှင့်၎င်း၊**

၆၅။ ။အသင်းသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန် အလို့ငှါ လိုအပ်သော၊ သို့မဟုတ်လွယ်ကူစေသော ညွှန်ကြားချက်များကို ဤဥပဒေနှင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ နှင့်၎င်း၊ အညီထုတ်နိုင်သည်။

## အခန်း ၁၆။

### အကူးအပြောင်းကာလအတွက် ပြဋ္ဌာန်းချက်များနှင့် ဥပဒေများရုပ်သိမ်းခြင်း။

အပိုင် ပစ္စည်း နှင့် ကြွေးမြီဘာဝန် လွှဲပြောင်းခြင်း။

၆၆။ ။(၁) ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင် စေဘဲ၊ အစိုးရက ကိစ္စအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်၌၊ [နောက်တွင် ''ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ (Amalgamating institutions)''ဟု ခေါ်တွင်သည့်] ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ပြည်သူ့ဘဏ်များ၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၊ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့၊ ချေးတာစုဆောင်ရေးနှင့် အာမခံစာချုပ်များဆိုင်ရာဌာနခွဲ၊ စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ လုပ်ငန်းများအနက် သက်ဆိုင်ရာရာကို၊ ဘဏ်သို့လွှဲပြောင်းပေးရမည့်ပြင်၊ ထိုလုပ်ငန်းသည်လည်း ဘဏ်၏လုပ်ငန်းဖြစ်လာရမည်။

(၂) အစိုးရသည်၊ ၁၉၆၃ ခုနှစ်၊ လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်း ဥပဒေအရ၊ ပြည်သူပိုင်ပြုလုပ်ပြီးသည့် ယခင် ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်၏ လုပ်ငန်းများကို၊ ဘဏ်သို့လွှဲပြောင်းရမည်။ ထိုသို့လွှဲပြောင်းသည့်အခါ၊ အဆိုပါ လုပ်ငန်းသည် ဘဏ်၏လုပ်ငန်းဖြစ်လာရမည့်ပြင်၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ''ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ'' ဆိုသည့်စကားရပ်တွင် ပါဝင်သည်ဟူ၍လည်း မှတ်ယူရမည်။

(၃) အဆိုပါလုပ်ငန်းများ လွှဲပြောင်းသည့် နေ့ရက်တွင်၊ ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းများ၏ အပိုင်ပစ္စည်းများနှင့် ကြွေးမြီတာဝန်အားလုံးသည်၊ ဘဏ်၏အပိုင်ပစ္စည်းနှင့်ကြွေးမြီတာဝန်ဖြစ်လာရမည်။ ထိုနည်းတူပေါင်းစပ်ရာပါ အဖွဲ့အစည်းများကပြုလုပ်ခဲ့သည့်၊ သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အားလုံးသည်လည်း ဘဏ်ကပြုလုပ်သည့်၊ သို့မဟုတ် ချုပ်ဆိုသည့် သဘောတူ စာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

(၄) ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းတခုခု၏ လုပ်ငန်းကို ဘဏ်သို့ လွှဲပြောင်းသည့် နေ့ရက်တွင်၊ ထိုပေါင်းစပ်ရာပါ အဖွဲ့အစည်းတခုခုက စွဲဆိုထားသည့်၊ သို့မဟုတ် စွဲဆိုခံရသည့် တရားမှုခင်းတခုခုမှာ မပြီးပြတ်သေးလျှင်၊ ထိုတရားမှုခင်းမှာ ရပ်စဲခြင်းမရှိစေရ။ ထိုတရားမှုခင်းကို ဘဏ်က၊ သို့မဟုတ် ဘဏ်အပေါ်တွင် ဆက်လက်စွဲဆို အတည်ပြုနိုင်သည်။

(၅) ပေါင်းစပ်ရာပါ အဖွဲ့အစည်းများ၏ ရံပုံငွေများကို၊ အစိုးရ၏ သဘောတူညီချက်ဖြင့်၊ အဖွဲ့ကစီမံခန့်ခွဲနိုင်သည်။ မဟုတ် သင့်လျော်အောင် ညှိနှိုင်းရှင်းလင်းနိုင်သည်။

ရုပ်သိမ်းခြင်း။

၆၇။ ။(၁) အစိုးရက ကိစ္စအလိုက် အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်၌သက်ဆိုင်ရာ—

(က) ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ အက် ဥပဒေ၊

(ခ) ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေ၊

(ဂ) ၁၉၅၃ ခုနှစ်၊ နိုင်ငံတော် စိုက်ပျိုးရေး ဘဏ် အက်ဥပဒေ၊

(ဃ) ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ကုန်သွယ်ရေးဘဏ် အက်ဥပဒေ၊

ကိုရုပ်သိမ်းရမည့်ပြင်၊ အခြားတရားဥပဒေ၊ သို့မဟုတ် စာချုပ်စာတမ်း တခုခုတွင် အဆိုပါ အက်ဥပဒေတခုခုကို ရည်ညွှန်းလျှင်၊ ဤဥပဒေကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၂) ထိုသို့ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

**စက်မှုလက်မှု ဘဏ်ဖျက်သိမ်းခြင်း။**

၆၈။ ။တည်ဆဲအခြားတရားဥပဒေတခုခုတွင်သော်၎င်း၊ ပဋိညာဉ်၊ သို့မဟုတ် အခြားစာတမ်းအမှတ်အသားတခုခုတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊စက်မှုလက်မှုတိုးတက်ဖွံ့ဖြိုးရေးဘဏ် လီမိတက်ကို၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် ဤကိစ္စအလို့ငှါ သီးခြားဖော်ပြသည့်နေ့ရက်တွင် ဖျက်သိမ်းပြီးဖြစ်ရမည်။

**အခြားတရားဥပဒေများတွင် ပေါင်းစပ်ရာပါ အဖွဲ့အစည်းများကို ရည်ညွှန်းခြင်း၊**

၆၉။ ။ပေါင်းစပ်ရာပါ အဖွဲ့အစည်းတခုခု၏ လုပ်ငန်းကို ဘဏ်သို့လွှဲပြောင်း၍ ဘဏ်၏လုပ်ငန်းဖြစ်လာသည့်နေ့ရက်မှစ၍၊ အခြား တရားဥပဒေ၊ သို့မဟုတ် စာချုပ်စာတမ်း တခုခုတွင် မည်သည့်စကားလုံးမျိုးဖြင့်မဆို၊

(က) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၊

(ခ) နိုင်ငံတော် ကုန်သွယ်ရေးဘဏ်၊

(ဂ) ပြည်သူ့ဘဏ်များ၊

(ဃ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၊

(င) ပြည်ထောင်စု အာမခံစီမံအဖွဲ့၊

(စ) စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊

(ဆ) ပြည်သူ့ငွေချေးကုမ္ပဏီလီမိတက်၊ သို့မဟုတ်

(ဇ) ချွေတာစုဆောင်းရေးနှင့် အာမခံစာချုပ်များဆိုင်ရာ ဌာနခွဲ၊

သက်ဆိုင်ရာရာကို ရည်ညွှန်းလျှင်၊ ဘဏ်ကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။

**နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် စည်းကမ်းဥပဒေများဆက်လက် အကျိုးသက်ရောက်ခြင်း။**

၇၀။ ။(၁) ရုပ်သိမ်းလိုက်သည့် အက်ဥပဒေတခုခုအရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တခုခုအရဖြစ်စေ ထုတ်သည့်၊ သို့မဟုတ် ပြုသည့် အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊သို့မဟုတ် ညွှန်ကြားချက်တခုခုသည်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်တခုခုဖြင့် နုတ်

သိမ်းပယ်ဖျက်ခြင်းမပြုသေးမီအတွင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ၊ ဆက်လက်အကျိုးသက်ရောက်စေရမည့်ပြင်၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်ဖြစ်သည်ဟူ၍လည်း မှတ်ယူရမည်။

(၂) အဆိုပါအမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊ သို့မဟုတ် ညွှန်ကြားချက်အရ ဆောင်ရွက်ပိုင်ခွင့်နှင့် တာဝန်ဝတ်တရားမည်သည်ကိုမဆို၊ အခါအားလျော်စွာ အဖွဲ့က သတ်မှတ်သည့် ဝန်ထမ်းများ၊ သို့မဟုတ် ပုဂ္ဂိုလ်များက သုံးစွဲဆောင်ရွက်ရမည်။

**အခက်အခဲများ ဖယ်ရှားခွင့်၊**

၇၁။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်ရာ၌ အခက်အခဲတခုခု ပေါ်ပေါက်လာလျှင်၊ အစိုးရသည်၊ ထိုအခက်အခဲကို ဖယ်ရှားရန်ကိစ္စအလို့ငှါ လိုအပ်သည်၊ သို့မဟုတ် သင့်တော်သည်ဟု မိမိထင်မြင်သော ပြဋ္ဌာန်းချက်များကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့်အမိန့်ဖြင့် ပြုလုပ်နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊
(၁၉၆၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့၊